ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်**

**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၈၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ မျက်စိစမ်းသပ်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၃၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာ ချောင်းမကြီးကို မူလဧရိယာပေ(၁၀၀) အကျယ်အဝန်းအတိုင်း ချဲ့ထွင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာ ချောင်းမကြီးကို မူလဧရိယာပေ(၁၀၀) အကျယ်အဝန်းအတိုင်း ချဲ့ထွင် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်း ကျေးရွာ ချောင်းမကြီးကို မူလဧရိယာအကျယ်အဝန်း ခန့်မှန်းပေ(၁၀၀)ခန့်အတိုင်း ချဲ့ထွင်တူးဖော်ပေးရန် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဝမ်းဘဲအင်းကျေးရွာဟာ ပဲခူးမြို့ရဲ့ မြောက်ဘက် (၁၄)မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းမပေါ်မှာ တည်ရှိပါတယ်။ တစ်ချိန်က နိုင်ငံတော် သံဃမဟာနယကအဖွဲ့ဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော်ကြီးရဲ့ ဇာတိကျေးရွာ ဖြစ်ပါတယ်။ ဒီကျေးရွာမှာရှိတဲ့ ကျွန်တော်တို့ ချောင်းမကြီးဟာ မိုးယွန်းကြီးဆည်ထဲကို စီးဆင်းနေတဲ့ ချောင်းဖြစ်ပြီးတော့ နှစ်စဉ်မှာလည်း ရေကြီးရေလျှံမှုတွေ ဖြစ်ခဲ့တာ ကာလကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီ ချောင်းမကြီးဟာ သဲသောင်တွေကို မြစ်ဖျားခံပြီးတော့ စီးဆင်းလာတဲ့ အတွက် ချောင်းရေတွေ အများအပြား ကျလာမယ်ဆိုရင် ဒီ ချောင်းကမ်းပါးတစ်လျှောက် လယ်ယာမြေ များဟာ သဲထိုးပြီး ပျက်စီးရပါတယ်။ ဒါကြောင့် မူလအကျယ်အဝန်း ခန့်မှန်းပေ(၁၀၀)ခန့်သာ ပြန်လည် ပြီးတော့ တူးဖော်ပေးမယ်ဆိုရင် ဒီ ကွင်းအမှတ် ၅၁၄(က) လယ်ဧက(၃၅၀)ခန့်နဲ့ ကွင်းအမှတ် ၅၂၀၊ လယ်ဧက (၄၀၀)ခန့် စုစုပေါင်း(၇၅၀)ခန့်က သဲထိုးမယ့်ဒဏ်ကနေ ကာကွယ်ပြီးတော့ လယ်ယာ စိုက်ပျိုးဖို့အတွက် များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီချောင်းရဲ့ အရှည်ကလည်း ခန့်မှန်း (၁)မိုင်ခွဲလောက် ရှည်လျားမယ်လို့လည်း သိရပါတယ်။ ဒါကြောင့် ဒီချောင်းမကြီးရဲ့ မူလအကျယ်အဝန်း ခန့်မှန်း ပေ(၁၀၀)ခန့်ကို ကျွန်တော်တို့ ယခုအခါမှာ လူနေအိမ်ခြေတွေ များပြား လာတယ်။ နောက် အခြားသစ်ပင်တွေလည်း ထူထပ်လာတဲ့အတွက် မူလအကျယ်အဝန်းအတိုင်း မဟုတ် ဘဲနဲ့ ချောင်းဟာ ကျဉ်းမြောင်းလာတာလည်း ဖြစ်ပေါ်လာပါတယ်။

ဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒီချောင်းမကြီးကို မူလဇရိယာ ခန့်မှန်း ပေ(၁၀၀)ခန့် ချဲ့ထွင်တူးဖော်နိုင်ခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၈။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည် တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ၏ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရ အဖွဲ့ရဲ့ကိုယ်စား လေးစာစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးတိုင်းခရိုင်၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာအတွင်းရှိ ချောင်းမကြီး ချောင်းသည် ပဲခူးရိုးမမှ သဲသောင်များကို ချောင်းဖျားခံကာ စတင်စီးဆင်းလာပြီး မိုးယွန်းကြီးဆည် အတွင်းသို့ စီးဝင်သော သဲချောင်းဖြစ်ပါတယ်။ ချောင်းမကြီး မူလချောင်းအကျယ်မှာ (၁၀၀)ပေခန့်ရှိ၍

ယခုအခါ ချောင်းအကျယ်မှာ (၅၀)ပေခန့်သာ ရှိသဖြင့် ချောင်းရိုး ကျဉ်းမြောင်းလာပြီး တိမ်ကောလာခြင်းကြောင့် ချောင်းရေများ များပြားစွာ ကျဆင်းလာပါသည်။ ချောင်းကမ်းပါးတစ်လျှောက်ရှိ လယ်မြေများအတွင်း သဲများစုပုံကျရောက်၍ လယ်မြေများ ပျက်စီးထိခိုက်မှုနှင့် ကြုံတွေ့နေရပါတယ်။ ချောင်းမကြီးချောင်း တူးဖော်ပေးခြင်းအားဖြင့် ဝမ်းဘဲအင်းကျေးရွာရှိ မိုးစပါးစိုက် လယ်မြေဧက(၉၀၀)ခန့်အားရေကြီးနှစ်မြုပ်၍ ထိခိုက်ပျက်စီးမှုမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်မည် ဖြစ်ပါတယ်။ ချောင်းမကြီးချောင်း တူးဖော်ခြင်းလုပ်ငန်းအား လတ်တလော အခြေအနေတွင် ဆောင်ရွက်ပေးနိုင်မှု မရှိသော်လည်း ချောင်းရိုး တိမ်ကောမှုကြောင့် ပြန်လည်တူးဖော်ပေးရန် လိုအပ်မည် ဖြစ်ပါတယ်။ ချောင်းမကြီးချောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အောက်ခြေအကျယ်(၅၀)ပေ၊ ပျမ်းမျှအနက်(၁၀)ပေနှင့် အလျား (၂.၄၆)မိုင်၊ မြေကြီးကျင်းပေါင်း (၄၃၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ ကျပ်(၁၉၂.၀၄)သန်းခန့် ကုန်ကျမည် ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်း ယခင် လွှတ်တော်အစည်းအဝေးများတွင် တင်ပြထားသော ကတိကဝတ်ပြု လုပ်ငန်းများအား ပထမဦးစားပေး အနေဖြင့် ဆောင်ရွက်ရန် ကျန်ရှိနေသည်ဖြစ်ရာ ယခုတင်ပြလာသော လုပ်ငန်းအား ၂၀၁၅-၂၀၁၆ ခုနှစ်၊ တိုင်းဒေသကြီး ရန်ပုံငွေ BE တွင် ရန်ပုံငွေ ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိပါက ဦးစားပေးအလိုက် ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပခုက္ကူမြို့၌ တည်ရှိသော လေယာဉ်ကွင်းဟောင်း မြေနေရာတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦးက ပခုက္ကူမြို့၌ တည်ရှိသော လေယာဉ်ကွင်းဟောင်း မြေနေရာတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပခုက္ကူမြို့၌ တည်ရှိသော လေယာဉ်ကွင်းဟောင်း မြေနေရာတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ဟာ ခရိုင်ရုံးစိုက်ရာမြို့ဖြစ်ပြီးတော့ ဧရာဝတီ အနောက်မြို့တော်အဖြစ် ထင်ရှားကျော်ကြားတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ခရိုင်ရုံးစိုက်ရာမြို့ ဖြစ်တဲ့အတွက် ဝန်ကြီးဌာနများမှအစိုးရဝန်ထမ်းများ၊ အခြားတစ်မြို့၊ တစ်ရွာတစ်နေရာမှ ပခုက္ကူမြို့သို့ လာရောက်ပြီး တာဝန်

ထမ်းဆောင်ကြရာတွင် နေရေး၊ ထိုင်ရေးအတွက် အခက်အခဲများစွာနဲ့ ရင်ဆိုင်ကြုံတွေ့ကြရပါတယ်။ ဌာနအချို့တွင်သာ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ စီစဥ်ပေးနိုင်ပြီး အများအားဖြင့် မိမိအစီအစဥ်ဖြင့်သာ မြို့ပေါ်မှာရှိတဲ့ ရပ်ကွက်များမှာ ငှားရမ်းနေထိုင်ကြရပါတယ်။

လက်ရှိအခြေအနေမှာ ပခုက္ကူမြို့ဟာ ဧရာဝတီတံတား ဖွင့်လှစ်ပြီးတော့ အိမ်၊ ခြံ၊ မြေဈေးကွက်များနဲ့ အိမ်ခန်းငှားရမ်းခများဟာ အဆမတန် တိုးတက်မြင့်မားလျက်ရှိရာ ပခုက္ကူမြို့သို့ အခြားဒေသများမှ ပြောင်းရွှေ့ပြီး တာဝန်ထမ်းဆောင်ကြတဲ့ အစိုးရဝန်ထမ်းများမှာ အခက်အခဲများဖြင့် များစွာရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ပခုက္ကူမြို့မှာရှိသော မြေဧက(၄၇)ဧက ကျယ်ဝန်းတဲ့ လေယာဥ်ကွင်းဟောင်းမှာ ယခုအချိန်မှာ လေယာဥ်ကွင်းသစ် တည်ဆောက်ပြီးဖြစ်၍ လေယာဥ်ကွင်းအဖြစ် အသုံးပြုရန် မလိုအပ်တော့ပါသဖြင့် ၎င်းမြေနေရာမှာ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းများအား နေထိုင်စေခြင်းအားဖြင့် အစိုးရဝန်ထမ်းများ ကြုံတွေ့နေရတဲ့ နေထိုင်ရေး အခက်အခဲများအား တစ်စိတ်တစ်ပိုင်းအားဖြင့် ကူညီဖြေရှင်းဆောင်ရွက် ပေးနိုင်ပြီ ဖြစ်ပါတယ်။ မိမိရဲ့ လုပ်ငန်းများကိုလည်း သန့်ရှင်းစင်ကြယ်စွာနဲ့ တာဝန်ထမ်းဆောင်နိုင်မှာ ဖြစ်တဲ့အတွက် လေယာဥ်ကွင်းဟောင်း မြေနေရာမှာ ပခုက္ကူမြို့သို့ လာရောက်တာဝန်ထမ်းဆောင်ကြတဲ့ အစိုးရဝန်ထမ်းများအား ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဥ် ရှိ/မရှိ နဲ့ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ပခုက္ကူမြို့မှာ တည်ရှိနေတဲ့ လေယာဥ်ကွင်းဟောင်း မြေနေရာမှာ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဥ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ပခုက္ကူမြို့ လေယာဥ်ကွင်းဟောင်းမြေနေရာဟာ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပိုင်ဆိုင်တဲ့ မြေနေရာဖြစ်ပြီးတော့ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဥ် မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဂန့်ဂေါ-ဟားခါး (၆၆)ကေဗွီ ဓာတ်အားလိုင်း မှတစ်ဆင့် ဂန့်ဂေါ-ဟားခါးလမ်းမ ပတ်ဝန်းကျင်ရှိ ကျေးရွာများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ဂန့်ဂေါ-ဟားခါး (၆၆)ကေဗွီ ဓာတ်အားလိုင်း မှတစ်ဆင့် ဂန့်ဂေါ-ဟားခါးလမ်းမ ပတ်ဝန်းကျင်ရှိ ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစတီဗင်သာဘိတ် အနေနဲ့ ဂန့်ဂေါ-ဟားခါး (၆၆)ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် ဂန့်ဂေါ-ဟားခါးလမ်းမ ပတ်ဝန်းကျင်မှာရှိနေတဲ့ ကျေးရွာများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခြင်း ရှိ/မရှိ ကို ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မုံရွာမှတစ်ဆင့် ဂန့်ဂေါမြို့ကို သွယ်တန်းထားပြီးမှ ဟားခါးမြို့သို့ ဆက်လက်သွယ်တန်းနေပြီ ဖြစ်တဲ့အတွက် ယခု ဟားခါးမြို့ပေါ်မှာလည်း လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိပြီး ပြည်သူလူထုအနေနဲ့ ဝမ်းသာမဆုံး ဖြစ်နေကြပါတယ်။ သို့သော်လည်းပဲ ဂန့်ဂေါနဲ့ ဟားခါးမြို့ကြားမှာရှိနေတဲ့ ကျေးရွာ(၁၅)ရွာခန့်အနေနဲ့ ဒီ (၆၆) ဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားကိုလည်း သူတို့ရချင်နေကြပါတယ်။ ၎င်း (၆၆)ကေဗွီ ဓာတ်အားလိုင်း မှတစ်ဆင့် ဘုံရုံးကျေးရွာ အပါအဝင် ကျေးရွာ (၇)ရွာဖြစ်သော ကျန်ဗာကျေးရွာ၊ ချာန်ကျွမ်းကျေးရွာ၊ ကေဇွန်ကျေးရွာ၊ လေအွမ်းကျေးရွာနဲ့ လေအွမ်း(ခ) ကျေးရွာ၊ သီလာခ်ကျေးရွာတို့အတွက် ဘုံရုံးကျေးရွာမှာ ထရန်စဖော်မာ(၁)လုံး သို့မဟုတ် အခြားလိုအပ်သော အဆောက်အဦးတစ်ခု တပ်ဆင်ပြီးတော့ ဖြန့်ဝေပေးနိုင်ရေးကိုလည်းကောင်း၊ လုံကြွေးကျေးရွာ၊ လမ်းသုပ်ကျေးရွာ၊ သီနာမ်ကျေးရွာ၊ မာလ်ဆောမ်ကျေးရွာ၊ ဟရောင်ဝန်ကျေးရွာ၊ ဗာန်တလန်းကျေးရွာ၊ ရွာဗန်ကျေးရွာနဲ့ ရိုခွါကျေးရွာစသည့် ရွာ(၈)ရွာများအတွက်လည်း သင့်တော်သောနေရာမှာ ထရန်စဖော်မာ(၁)လုံး သို့မဟုတ် သင့်တော်သော ဓာတ်အားခွဲစက်ရုံပဲဖြစ်ဖြစ် တပ်ဆင်အသုံးပြုပြီးတော့ ဓာတ်အား ဖြန့်ဝေနိုင်ရေးအတွက် ၎င်း သက်ဆိုင်သော ကျေးရွာပြည်သူလူထုများမှ လွှတ်တော် ကျွန်တော် အတွေ့အကြုံ ရှင်းတဲ့အခါမှာ တောင်းခံတင်ပြကြတာကို ကျွန်တော်ကြားခဲ့ပါတယ်။

အချို့သော ကျေးရွာများဟာ ကိုယ်ထူကိုယ်ထစနစ်နဲ့ အငယ်စားရေအားလျှပ်စစ် တည်ဆောက်ပြီး မီးလင်းရေး ဆောင်ရွက်ခဲ့ကြသော်လည်း အိမ်သုံးလုပ်ငန်း ချက်ပြုတ်ရေးကအစ အသေးစား

စက်မှုလုပ်ငန်း ဆောင်ရွက်ရန်အထိ အဆင်မပြေကြပါ။ ၎င်း ရေအားလျှပ်စစ်ဓာတ်အား တည်ဆောက်တဲ့ နေရာကိုလည်း သဘာဝအန္တရာယ်ကြောင့် ပျက်စီးမှုရှိနေပြီး ဆက်လက်ပြုပြင်ထိန်းသိမ်းရန် အတွက်ပါ အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်နေကြရပါတယ်။ ချက်ပြုတ်ရေးမှာ အသုံးချနိုင်ရေးအတွက် ထင်း၊ မီးသွေး ကိုသာ သုံးစွဲနေကြပြီး တစ်နှစ်ထက်တစ်နှစ် သစ်တောပြုန်းတီးမှု၊ သောက်သုံးရေ ခန်းခြောက်မှု၊ ရာသီဥတု ဖောက်ပြန်မှု၊ သီးနှံပျက်စီးမှုများနဲ့ ရင်ဆိုင်နေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကယ်၍ ယခုဓာတ်အားလိုင်းကို ဖြန့်ဖြူးပေးနိုင်မယ်ဆိုပါက ကျေးရွာပြည်သူလူထုအတွက် လူမှုရေးအဆင့် မြင့်မားလာမှု၊ အသေးစားစက်မှုလုပ်ငန်းမှအစ တည်ထောင်နိုင်ပြီး ဆင်းရဲနွမ်းပါးမှု လျော့ချရေးတွင်လည်း အထောက်အကူပြုမယ်လို့ ယုံကြည်ရပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ဟားခါး-ဂန့်ဂေါလမ်းမကြီးပေါ်မှာ ရှိနေတဲ့ ကျေးရွာများအတွက် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။

(၁) ဂန့်ဂေါ-ဟားခါးလမ်းမ ပတ်ဝန်းကျင်ရှိ ကျေးရွာများကို ထရန်စဖော်မာ (၂)လုံး သို့မဟုတ် လိုအပ်သော အဆောက်အအုံ တည်ဆောက်ပေးပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) ဟားခါးမြို့ပေါ်ကနေ ဘွာလ်တပ်ကျေးရွာ၊ နီပီကျေးရွာနဲ့ မာန်နူးကျေးရွာသို့ ဓာတ်အားပေးရေး အစီအစဉ် ရှိ/မရှိ။ (၃) ရှိပါက ဘယ်ရာသီလောက်မှ စတင်ပေးနိုင်မည်ကိုလည်းကောင်း။ (၄) မရှိပါက အဘယ်ကြောင့် မပေးနိုင်ခြင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျေးရွာပြည်သူလူထုများရဲ့ ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မိုင်းနောင်မြို့တွင် ရောက်ရှိပြီးဖြစ်သော မဟာဓာတ်အားလိုင်းမှ မိုင်းရှူးမြို့နယ်အတွက် လျှပ်စစ်မီး ရရှိရေးကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း က မိုင်းနောင်မြို့တွင် ရောက်ရှိပြီးဖြစ်သော မဟာဓာတ်အားလိုင်းမှ မိုင်းရှူးမြို့နယ်အတွက် လျှပ်စစ်မီး ရရှိရေးကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း က ဥက္ကဋ္ဌကြီး မှတစ်ဆင့် မိုင်းနောင်မြို့တွင် ရောက်ရှိပြီးဖြစ်သော မဟာဓာတ်အားလိုင်းမှ မိုင်းရှူးမြို့နယ်အတွက် လျှပ်စစ်မီး ရရှိရေးကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လက်ရှိ မိုင်းရှူးမြို့နယ်ဘက်ကို သွယ်တန်းမယ့်လျှပ်စစ်မီးလိုင်းက လောလောဆယ် မိုင်းနောင်မြို့အထိ ရောက်နေပါပြီ။ မိုင်းရှူးမြို့နယ်အတွက် သွားမယ့်လိုင်းမှာ ကွန်ကရစ်တိုင်များ ချထားတာလည်း တွေ့ရှိပါတယ်။ ဒါပေမဲ့ အခု လုပ်ငန်းက ရပ်တန့်နေသလို ဖြစ်တဲ့အတွက်ကြောင့် ပြည်သူများအနေနဲ့ နှစ်ကြာရှည်စွာ အချိန်ပျက်သွားမှာ စိုးရိမ်တဲ့ ပူပန်တဲ့စိတ်နဲ့ ကျွန်တော်ကို မေးခွန်းမေးမြန်းခိုင်းခြင်း ဖြစ်ပါတယ်။ လက်ရှိ မိုင်းရှူးမြို့နယ်မှာ ပုဂ္ဂလိက ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓာတ်အားနဲ့ ပေးဝေနေတာကို တွေ့ရပါတယ်။ ဓာတ်အား အားနည်းတဲ့အတွက်ကြောင့် မီးက လိုသလောက် မလင်းပါဘူး။ ပေးတဲ့အချိန်ကလည်း ညနေ(၆)နာရီကနေ ည(၈)နာရီကြားဆိုတော့ အချိန်ကလည်း နည်းပါတယ်။ ဝန်ဆောင်ခအနေနဲ့ တစ်လ တစ်ယူနစ်ကို (၂၇၅)ကျပ် ပေးရတယ်လို့ သိရပါတယ်။ အဲဒါကြောင့် မိုင်းရှူးဒေသခံပြည်သူများက အချိန်အကြာကြီး ရပ်တန့်နေမှာစိုးလို့ ဘယ်နေ့ဘယ်အချိန်မှာ ဆောင်ရွက်ပြီးစီးနိုင်ပါမလဲ ဆိုတဲ့ မေးခွန်းကို ကျွန်တော်ကို မေးခိုင်းတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနကို အောက်ပါမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

မေးခွန်းကတော့ မိုင်းနောင်မြို့တွင် ရောက်ရှိပြီးဖြစ်သော မဟာဓာတ်အားလိုင်းမှ မိုင်းရှူးမြို့နယ်အတွက် လျှပ်စစ်မီးရရှိရေးကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ၏ မေးခွန်းကို ရှင်းလင်းဖြေကြား တင်ပြမှာ ဖြစ်ပါတယ်။

(၆၆)ကေဗွီ ဂန့်ဂေါ-ဟားခါးဓာတ်အားလိုင်းဟာ လိုင်းမိုင်(၅၈)မိုင် ရှိပြီးတော့ ၇-၇-၂၀၁၄ ရက်နေ့မှာ ဟားခါးမြို့ကို စတင်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။ အဆိုပါ (၆၆)ကေဗွီဓာတ်အားလိုင်းကနေပြီးတော့မှ ကျေးရွာများမှာ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ဖို့အတွက်ဆိုရင် (၆၆)ကေဗွီပို့အားစနစ်မှ (၆၆/၃၃)ကေဗွီ၊ (၆၆/၁၁)ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးတော့မှ (၃၃)ကေဗွီလိုင်း၊ (၁၁)ကေဗွီလိုင်းတွေ တည်ဆောက်ရပါတယ်။ (၃၃)ကေဗွီမှ (၁၁)ကေဗွီ ဓာတ်အားခွဲရုံ သို့မဟုတ် (၆၆)ကေဗွီမှ (၁၁)ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ပြီး၊ (၁၁)ကေဗွီလိုင်း မှတစ်ဆင့် (၁၁/၄၀၀)ဗို့ ဓာတ်အား ဖြန့်ဖြူးရေး ထရန်စဖော်မာတွေ တပ်ဆင်ပြီးတော့မှ ဓာတ်အားဖြန့်ဖြူးပေးလို့ ရပါတယ်။

ဒါကြောင့်မို့လို့ (၆၆)ကေဗွီ ဂန့်ဂေါ-ဟားခါးဓာတ်အားလိုင်း အနီးအနားမှာရှိတဲ့ ကျေးရွာ (၁၅) ရွာကို ဓာတ်အားပေးဖို့ဆိုရင် ကျွန်တော်တို့ ဒီ ကျေးရွာ(၁၅)ရွာမှာ လောလောဆယ်အားဖြင့် ကျေးရွာ (၁၁)ရွာကို ဆိုလာစနစ်၊ အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်နဲ့ ဒီဇယ်ဓာတ်အားပေးစက်တွေနဲ့ ကျေးရွာမီးလင်းရေးကို ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ ရွာ(၄)ရွာကိုလည်း ယခုနှစ် ဘဏ္ဍာရေးနှစ်ထဲမှာပဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဆိုလာစနစ်နဲ့ ကျေးရွာမီးလင်းရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ ဒီ ကျေးရွာတွေကို ဓာတ်အားစနစ်ကရှိတဲ့ ဓာတ်အားလိုင်း ကနေတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အတွက်ဆိုရင် စောစောကတင်ပြခဲ့သလို (၆၆)ကေဗွီ ဂန့်ဂေါ-ဟားခါးဓာတ်အားလိုင်းမှ (၂၃၀)ဗို့ နေအိမ်များ အသုံးပြုနိုင်တဲ့ ဗို့အားစနစ် တိုက်ရိုက် ထရန်စဖော်မာ တပ်ဆင်လို့မရနိုင်တဲ့အတွက် (၆၆)ကေဗွီဗို့အားကို (၆၆/၁၁)ကေဗွီဓာတ်အားခွဲရုံတွေ တည်ဆောက်ပြီးတော့မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အတွက်ကို ဝန်ကြီးဌာနကနေပြီးတော့မှ ဘဏ္ဍာရေးနှစ် အလိုက် ရန်ပုံငွေ လျာထားတင်ပြ ဆောင်ရွက်ပေးသွားပြီးတော့မှ (၁၁/၀.၄)ကေဗွီဖြစ်တဲ့ ဓာတ်အား ဖြန့်ဖြူးတဲ့ ထရန်စဖော်မာတွေ၊ (၁၁)ကေဗွီလိုင်းနဲ့ (၄၀၀)ဗို့ ဓာတ်အားလိုင်းတွေကိုတော့ ကျွန်တော်တို့ ဝန်ကြီးဌာနက တွက်ချက်ပေးပြီးတော့မှ သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေကနေ တင်ပြ လျာထားတောင်းခံဖို့ ညှိနှိုင်းပေးသွားမှာ ဖြစ်ပါကြောင်း ပထမအချက်အနေနဲ့ တင်ပြအပ်ပါတယ်။

ဒုတိယအချက်အနေနဲ့ ဟားခါးမြို့ပေါ်ကနေပြီးတော့မှ အိမ်ခြေ(၄၁)အိမ်ရှိတဲ့ ဘွာလ်တပ် ကျေးရွာဟာ (၆)မိုင်ကွာဝေးပါတယ်။ နီပီကျေးရွာ၊ အိမ်ခြေ(၃၂)အိမ်ရှိပြီးတော့မှ ဟားခါးမြို့နယ်က နေပြီးတော့မှ (၄)မိုင်ကွာဝေးပါတယ်။ အလားတူ မာန်နူးကျေးရွာ၊ အိမ်ခြေ(၁၀)အိမ်ရှိပြီးတော့မှ ဟားခါး မြို့ပေါ်ကနေ (၄)မိုင်ကွာဝေးပါတယ်။ ဟားခါးမြို့ပေါ်ကနေ အကွာအဝေးများဟာ တစ်ဖက်တည်းမှာ မဟုတ်တဲ့အတွက် စုစုပေါင်းလိုင်းမိုင်(၁၄)မိုင် တည်ဆောက်ပြီးတော့မှ အထက်ပါ ရွာ(၃)ရွာကို ဓာတ်အား ပေးရမှာ ဖြစ်ပါတယ်။ ဒီရွာ(၃)ရွာကို ဓာတ်အားပေးနိုင်ဖို့အတွက် လာမယ့်နှစ် ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ တွက်ချက်ပြီးတော့မှ သက်ဆိုင်ရာ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေမှာ လျာထားတင်ပြ တောင်းခံပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ၏ မေးခွန်းကို ကျွန်တော်မှ ဆက်လက်တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်မှာ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် မိုင်းနောင်-မိုင်းရှူး (၆၆)ကေဗွီဓာတ်အားလိုင်း မိုင်(၃၃)မိုင်ကို ကျွန်တော်တို့ စာချုပ် ချုပ်ဆိုပြီးတော့မှ ပစ္စည်းများ ဝယ်ယူထားရှိပြီးတော့ ယခုအခါမှာ ပစ္စည်းများ စတင်ရောက်ရှိနေပြီ ဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ်၊ မတ်လမှာတော့ (၆၆)ကေဗွီဓာတ်အားလိုင်း အပြီးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အလားတူပဲ မိုင်းရှူးမြို့ပေါ်ကို ဓာတ်အားဖြန့်ဖြူးဖို့အတွက် (၆၆/၁၁)ကေဗွီ (၅)MVA မိုင်းရှူး ဓာတ်အားခွဲရုံ ပစ္စည်းများကိုလည်း စာချုပ်ချုပ်ဆို ဝယ်ယူထားပြီးတော့မှ လာမယ့်နှစ်မှာ စတင်ရောက် ရှိမှာဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လကုန်မှာ အဲဒီ (၆၆/၁၁)ကေဗွီဓာတ်အားခွဲရုံက အပြီးဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြချင်တာကတော့ မိုင်းရှူးမြို့ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လကုန်၊ ဒါမှမဟုတ် ဩဂုတ်လဆန်းမှာ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးမြင့်ထွန်း (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးမြင့်ထွန်း အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များရဲ့ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ်ပြင်တဲ့ ဒီ ဥပဒေကြမ်းရဲ့အပေါ်မှာ စိစစ်တဲ့ အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ချီးမြှင့်ငွေနဲ့ စရိတ်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်တဲ့ ဥပဒေအနေနဲ့ ဒသမအကြိမ် ပုံမှန်အစည်းအဝေးမှာ ဧရာဝတီတိုင်းဒေသကြီးက ဦးခင်မောင်ရီ ကနေ ယခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့မှာ ဒါတင်သွင်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒီနေ့မှာပဲ ကျွန်တော်တို့ ကော်မတီရဲ့ သဘောထားမှတ်ချက်တွေ ပေးတာတို့ စိစစ်တင်ပြတာတို့၊ အစီရင်ခံစာဖတ်တာတို့၊ အတည်ပြုတာတို့ ဒါလုပ်ခဲ့တာလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု လေ့လာတွေ့ရှိချက်တွေဟာ ကိုယ်စားလှယ်တွေရဲ့ စရိတ်တွေကို ခေတ်နဲ့အညီ ဖြစ်အောင် ပြင်ဖို့ ဖြစ်ပါတယ်ခင်ဗျား။ အာဆီယံနိုင်ငံတွေမှာလည်း ကိုယ်စားလှယ်တွေရဲ့ ဒါ အနိမ့်ဆုံးခံစားခွင့်တွေပဲလို့ ဒါ သိရပါတယ်။ ဥပဒေမှာ အပိုဒ်(၂)နဲ့ (၃)ကို အသစ်ပြင်ဖို့ လေ့လာတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ အပိုဒ်(၂)မှာကြည့်ရင် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်တို့ရဲ့ ချီးမြှင့်ငွေနဲ့ စရိတ်များ ဥပဒေပုဒ်မ ၆ မှာပါထားတဲ့ တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ်နှစ်ထောင်နှင့် အခြားအသုံးစရိတ် ကျပ်သုံးထောင် ခံစားခွင့်ရှိသည်ဆိုတဲ့စကားရပ်ကို တစ်ရက်လျှင်တည်းခိုနေထိုင်စရိတ် ကျပ်ငါးထောင်နှင့် အခြားအသုံးစရိတ် ကျပ်ငါးထောင် ခံစားခွင့်ရှိသည်ဆိုတဲ့ စကားရပ်နဲ့ အစားထိုးဖို့ ဖြစ်ပါတယ်။

အဲဒီလိုပဲ အပိုဒ်(၃)မှာ ကြည့်ရင် ဒီ ဥပဒေပုဒ်မ ၈ မှာ ပါထားတဲ့ စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ်ငါးထောင် ခံစားခွင့်ရှိသည် ဆိုတဲ့ စကားရပ်အစား စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ်တစ်သောင်း ခံစားခွင့်ရှိသည် ဆိုတဲ့ စကားရပ်နဲ့ အစားထိုးဖို့ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄၊ ပုဒ်မ ၁၂(က) အသစ်ဖြည့်စွက်ချက်မှာပါတဲ့ လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။) နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။) တို့ပါ ပုဒ်မ ၉၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)နှင့် ပုဒ်မခွဲ(ဇ)တို့အတွက် အချက်အလက်ရှာဖွေခြင်းစသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့်အခါ၌လည်း ဆိုတဲ့စကားရပ်ကို ပိုပြီးတော့ ပြည့်စုံသွားအောင်လို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များသည် ဆိုသည့် စကားရပ်နေရာမှာ အစားထိုးပြင်သင့်တယ်လို့ တွေ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ သဘောထားမှတ်ချက် တင်ပြရရင် ဒီ ချီးမြှင့်ငွေနဲ့ စရိတ်များဆိုင်တဲ့ ဥပဒေကို ဒုတိယအကြိမ်ပြင်တဲ့ ဥပဒေကြမ်းအပေါ်မှာ လွှတ်တော်က ပြန်ပြီးတော့ အတည်ပြုပေးပါလို့ လွှတ်တော်ကို တင်ပြလိုပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား လေးစားစွာ တင်ပြလိုပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၃-၁၀-၂၀၁၄ (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၂)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက် နေ့ကို ၁၀း၃၂ နာရီအချိန်တွင် ရပ်နားပါသည်။]